မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှု၏ အနေအထားသစ်

Crisis Group Asia Briefing N°154
Brussels, 24 January 2019. Translation from English

ဘာတွေ အသစ် ဖြစ်ပျက်သလဲ။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အစွန်အဖျား ရဲစခန်းများကို ရခိုင့်တပ်မတော် (AA) တ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးမှုသည် အစိုးရတ ရခိုင်တိုင်းရင်းသားသူပုန်များအပေါ် အပြစ်ပြတ် ရှင်းလင်း မှု စစ်ဆင်ရေးပြုလုပ်ရန် တပ်မတော်ကို ညွှန်ကြားရခြင်းအား ဖြစ်ပေါ်စေခဲ့သည်။ အကြမ်းဖတ် တိုက် ခိုတ်မှု မြင့်တတ်လာခြင်းသည် ပြန်လည်လျော့ပါးသွားရန် ခတ်ခဲသည်အပြင် မြန်မာနိုင်ငံသို့ ရိုဟင်ဂျာ ဒုက္ခသည်များ ပြန်ပို့ရေး အားထုတ်မှုများတိုလည်း ရှုတ်ထွေးစေမည်ဖြစ်သည်။

ဘာကြောင့် ဖြစ်ခဲ့သလဲ။

၂၀၁၅ ရွေးကောက်ပွဲတွင် အဓိတရခိုင်တိုင်းရင်းသားပါတီတ အနိုင်ရခဲ့သော်လည်း ဒေါ်အောင်ဆန်း စုကြည်က ရခိုင်ပြည်နယ်တွင် အန်အယ်လ်ဒီပါတီအစိုးရကို ဖွဲ့စည်းပေးခဲ့ပြီး ထို့နောတ်ပိုင်းတွင် နာ မည်ကျော် ရခိုင်နိုင်ငံရေးခေါင်းဆောင်ကို နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အစိုးရတ တရားစွဲခဲ့သည်။ အဆိုပါလုပ်ရပ်များတ ရခိုင်လူမျိုးတို့အကြား နိုင်ငံရေးအရ ရှုံးနိမ့်ရသည်ဟု ယုံကြည်လာအောင် လှုံ့ဆော်ရာရောက်ခဲ့သည်။

ဘာကြောင့် ဤကိစ္စအရေးကြီးသလဲ။

ရခိုင်ပြည်နယ်မှ အကြမ်းဖတ်တိုတ်ခိုတ်မှုသည် ကာလကြာစွဲကပ်နေသော နိုင်ငံရေးပြဿနာကို နတ်ရှိုင်း စေမည်အပြင် ရိုဟင်ဂျာဒုက္ခသည်များ ပြန်ပို့ရေး အလားအလာကိုလည်း အားနည်းစေသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုကိုလည်း အ နှောက်အယှက်ဖြစ်စေမည်ဖြစ်သည်။

ဘာလုပ်သင့်သလဲ။

နောက်ထပ်ကြီးထွားလာသော တိုင်းရင်းသားအရေး တင်းမာမှုများကို ရှောင်ရှားရန်အတွက် အစိုးရ၊ တပ် မတော်နှင့် သူပုန်များသည် ထိန်းချုပ်မှုများပြုလုပ်ကာ အကြမ်းဖက်တိုက်ခိုက်မှုအတွက် ညှိနှိုင်းအဖြေ ရှာရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အုပ်စုဘက်အားလုံးကို ဆွေးနွေးပွဲစားပွဲဝိုင်းသို့ ဆောင်ကြဉ်းရန် လုပ်ဆောင်သင့်သည်။ အစိုးရသည် အဓိကကျသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိစ္စရပ်များ နှင့်ပတ်သတ်၍ ရခိုင်တိုင်းရင်းသားတိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုကို ကမကထပြုသင့်သည်။

I. ခြုံငုံကြည့်ရှုခြင်း

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ ဇန်နဝါရီလ ၄ ရက်တွင် ရခိုင်တိုင်းရင်းသား လက်နက်ကိုင်အုပ်စု ဖြစ် သော ရခိုင့်တပ်မတော် (AA) သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတင်း ၄ ခုကို တပြိုင်နတ်တည်း တိုက် ခိုတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးခဲ့ပြီး ၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ပြည်နယ်အတွင်း ဝန်ကြီးချုပ်ယာဉ် တန်းကို အနည်းငယ်ထိခိုတ်မှုဖြစ်စေခဲ့သော မိုင်းဗုံးခွဲမှု အပါအဝင် AA က လုပ်ဆောင်သော အသေးစား အကြမ်းဖတ်မှုများ

လအတန်ကြာ ဖြစ်ပွားနေခဲ့ပြီးနောက် ယခုတိုက်ခိုက်မှု ဖြစ်ပေါ်လာခဲ့သည်။ အစိုးရက တပ်မတော်ကို လက်နက်ကိုင်အုပ်စုအား အမြစ်ပြတ်ချေမှုန်းရေး စစ်ဆင်ရေးပြုလုပ်ရန် ညွှန်ကြားခဲ့ရာ နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အရပ်သားများ ထိခိုက်သေကျေမှုများဖြစ်လာနိုင်သည်။ ထောင်နှင့်ချီသော ဒေသခံအရပ်သားများသည် စီးနင်းခံရသော ရဲကင်းများအနီးရှိ ကျေးရွာများကို စွန့်ခွာ ထွက်ပြေးသွားကြပြီဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုများသည် ရခိုင်တိုင်းရင်းသားတို့၏ တရားမျှတမှုမရှိဟု ခံစားနေရမှုများကို ဖြေရှင်းသည့်နည်းလမ်းအဖြစ် နိုင်ငံရေးနည်းလမ်းမှ လက်နက်ကိုင်တော်လှန်မှုဆီသို့ အန္တရာယ်ကြီးစွာ ကူးပြောင်းမှုကို ညွှန်နေသည်။ ရခိုင်ပြည်နယ်သည် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ထွက်ပြေးမှုကြောင့် ဖိစီးမှုများရှိ ုနေပြီးသားဖြစ်ပြီး ရခိုင်လက်နက်ကိုင်များနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ အရှိန်မြင့်လာမှုသည် ရပ်တန့်ရန် ခက်ခဲဖွယ်ရှိပြီး မြန်မာ့နိုင်ငံရေး အရပ်ဖက်အုပ်ချုပ် ရေးစနစ်သို့ အသွင်ကူးပြောင်းမှုအပေါ် ထိုးနှက်မှုတစ်ခုအဖြစ် ထင်ဟပ်နေသည်။ အုပ်စုဘက်အားလုံး သည် ထိပ်တိုက်ရင်ဆိုင်ခြင်းမှ ခြေတစ်လှမ်းဆုတ်သင့်ပြီး ရခိုင်တိုင်းရင်းသားတို့၏ မကျေလည်မှုများအား နိုင်ငံရေးနည်းလမ်းများဖြင့် မည်သို့ အကောင်းဆုံး ဖြေရှင်းကြမည်ကို ဆွေးနွေးသင့်သည်။

၂၀၁၆ -၂၀၁၇ တွင် ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်ဖွဲ့ (ARSA) ထွက်ပေါ်လာမှုနှင့် မရှေးမနှောင်း တွင် ရိုဟင်ဂျာမူဆလင် ၈၀၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်သို့ စုပြုံထွက်ပြေးမှုတို့ကို လူအများ၏ အာရုံက ပြုံကျနေသောကြောင့် ရခိုင်ပြည်နယ်မှ ပဋိပက္ခ၏ သုံးလမ်းသွား သဘာဝကို ဖုံးကွယ်ထားသလိုဖြစ်နေ သည်။ ရိုဟင်ဂျာများအပေါ် ရန်လိုသူများအဖြစ် မကြာခဏ ပုံဖော်ခြင်း ခံနေရသော ရခိုင်တိုင်းရင်းသား များသည် ၎င်းတို့ကိုယ်တိုင်ကမူ ဗမာလူမျိုးများ လွှမ်းမိုးသော ဗဟိုအစိုးရအဆက်ဆက်၏ မျိုးဆက် နှင့်ချီ၍ လစ်လျူရှုခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို ခံနေရသူများဖြစ်သည်။

ဗမာလူမျိုးတို့အပေါ် ရခိုင်တိုင်းရင်း သားတို့၏ မကျေလည်မှုများသည် ပိုမိုနတ်ရှိုင်းလာခဲ့ပြီး ရခိုင်ပြည်နယ်မှ ပဋိပက္ခအပေါ်ဆန်းစစ်မှုများ တွင် ယခုတိုင် ၎င်းအချက်ကို မကြာခဏ အသိအမှတ်ပြုမခံရပဲရှိနေဆဲဖြစ်သည်။

သမိုင်းကြောင်းအရ ရခိုင်တို့သည် ၎င်းတို့၏ နိုင်ငံရေး လိုလားချက်များကို ထုတ်ဖော်ပြသနိုင်မည် အင်အားကြီး ရခိုင်သူပုန်အဖွဲ့မရှိခဲ့သော်လည်း ၂၀၁၄ တွင် ရခိုင်ပြည်နယ်၌ လစ်လပ်နေသော ဟာကွတ် ကို ဖြည့်ဆည်းရန် AA အဖွဲ့ ထွက်ပေါ်လာခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၆ - ၂၀၁၇ အတွင်း ပြည်နယ် မြောက်ပိုင်းရှိ နယ်မြေလုံခြုံရေးတပ်ဖွဲ့များအပေါ်ARSA အဖွဲ့၏ တိုက်ခိုက်မှုများ၊ ရခိုင်နိုင်ငံရေး ခေါင်း ဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အန်အယ်လ်ဒီအစိုးရအကြား နိုင်ငံရေးတင်းမာမှုများ အပါအ ၀င် လွန်ခဲ့သောငါးနှစ်အတွင်း ပြောင်းလဲဖြစ်ပေါ် ခဲ့သော ဖြစ်စဉ်များသည် AA အဖွဲ့အား ရခိုင်ပြည်နယ် တွင် စစ်ရေးအရကော၊ နိုင်ငံရေးအရပါ ခြေကုပ်ယူခွင့် ရရှိစေခဲ့သည်။

လွတ်လပ်ရေးနေ့က တိုက်ခိုက်မှုများ၏ အကျိုးဆက်များသည် ပြင်းထန်ရန် အလားအလာရှိနေ သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အကြမ်းဖက်တိုက်ခိုက်မှုအသစ်သည် ရိုဟင်ဂျာဒုက္ခသည်အမြောက် အများအား နေရပ်ပြန်ခေါ်ရေးအလားအလာများကိုလည်း နှောင့်ယှက်တဲ့ထိခိုက်စေမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့တပ်မတော်၏ မကြုံစဖူး တဖက်သတ်အပစ်အခတ်ရပ်စဲမှု ကြေညာချက်အပြီး သီတင်း ပတ်အနည်းငယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတတ်ဖြစ်ပေါ်မှု အလားအလာများကိုလည်း ထိခိုက် စေမည်ဖြစ်သည်။ တပ်မတော်၏ အပစ်အခတ်ရပ်စဲမှုသည် ARSA အဖွဲ့အား တိုက်ခိုက်သည့် စစ်ဆင် ရေးများကြောင့် အကြမ်းအားဖြင့် ရခိုင်ပြည်နယ်ကို အကျုံးဝင်စေမှုမရှိသော်လည်း AA အဖွဲ့က အစိုးရ ထံ သိသာထင်ရှားသော ငြိမ်းချမ်းရေးလက္ခဏာပြသမှုကို မကြာသေးမီက ပြုလုပ်ခဲ့သည်။ ယခုတိုက်ခိုက်

မှုများသည် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်ရှိ ရခိုင်နှင့် ဗမာနိုင်ငံရေးသမားများအကြား တင်း မာမှုများကိုလည်း မြင့်တက်စေမည့် အလားအလာရှိသည်။ AA အဖွဲ့ကို အကြမ်းဖက်သမားများအဖြစ် ကြေညာခဲ့သော NLD အစိုးရ၏ ချက်ခြင်းတုန့်ပြန်မှုသည် အဆိုပါတင်းမာမှုများကို ပိုဆိုးစေရုံသာရှိသည်။

တပ်မတော်သည် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို တုန့်ပြန်ရာတွင် ထိန်းချုပ်ပြီး လုပ်ဆောင်သင့် ကာ ရိုတင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးမှုဖြစ်စေနိုင်သည် အရပ်သားများအပေါ် တိုတ် ခိုက်မှုမျိုးတို ရှောင်ရှားရမည်ဖြစ်သကဲ့သို့ AA အဖွဲ့ကလည်း စစ်ဖက်ကိုဖြစ်စေ၊ အရပ်သားများကိုဖြစ်စေ ပစ်မှတ်ထားသည် ရန်စမှုမျိုးကို ရှောင်ရှားရမည်ဖြစ်သည်။ တရုတ်နိုင်ငံ အနေနှင့်လည်း အစိုးရနှင့် AA အဖွဲ့တို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ခေါ်ဆောင်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ၎င်း၏ ဩဇာ လွှမ်းမိုးမှုကို အသုံးပြုရန် ကြိုးစားသင့်သည်။ ထို့အပြင် တပ်မတော်ကိုလည်း ၎င်း၏ တဖက်သတ် အပစ် အခတ်ရပ်စဲမှုတွင် ရခိုင်ပြည်နယ်ကို အတိအကျရည်ညွှန်းထည်သွင်းရန် တိုက်တွန်းအားပေးရမည်ဖြစ် သည်။ အစိုးရအနေနှင့်လည်း ရခိုင်နိုင်ငံရေးပါတီများအပါအဝင် အခြားကိုင်းရင်းသားကိုယ်စားလှယ် များနှင့် လက်ရှိ နိုင်ငံရေးတင်းမာမှုများ၊ အနာဂတ် နိုင်ငံရေး လိုလားချက်များအား အကောင်းဆုံး မည့်သို့ ဖြေရှင်းမည်ဆိုသည့်အရေးတွေ့ဆုံဆွေးနွေးမှုကို ကမကထပြုသင့်သည်။

II. ဆုံးရှုံးမှုများ မြင့်တက်စေခြင်း

ဇန်နဝါရီလ ၄ ရက် နံနက် ၇း၀၀ နာရီ မထိုးမီအချိန်တွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ နယ်ခြားစောင့်ရဲကင်း ၄ ခုကို AA အဖွဲ့က တပြိုင်တည်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အစိုးရသတင်းများက အစောင့်အကြပ်သဘောမျှသာထားရှိသော ရဲကင်းများတို့ စီးနင်း ရန်အတွက် AA

အဖွဲ့သည် ကောင်းစွာ လက်နက်တပ်ဆင်ထားသော တပ်ဖွဲ့ဝင် ၃၅၀ ခန့်ကို စေလွှတ်ခဲ့ သည့်ဟု ဖော်ပြထားသည်။ ခုခံသူများသည် ရဲတင်းနှစ်ခုကို မတတ်သာ၍ စွန့်ခွာခဲ့ရသော်လည်း အခြား ရဲတင်းနှစ်ခုကိုမူ လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူတို့၏ အကူအညီဖြင့် နာရီပေါင်းများစွာ ကာ ကွယ်ခဲ့ကြသည်။ AA တပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားပြီးနောက် နယ်ခြားစောင့်ရဲနှင့် တပ်မတော်စစ်တူတို့ ရောက်ရှိလာမှုကြောင့် အဆုံးတွင်မူ ကြံ့ကြံ့ခိုင်နိုင်ခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးခဲ့ပြီး သေနတ် ၄၀ နှင့် ကျည်ဆံ ၁၆,၀၀၀ ကျော်ကို AA တပ်ဖွဲ့များတ သိမ်းယူသွားခဲ့သည်။[1] နောက်နေ့တွင် တိုက်ပွဲအ တွင်း ဖမ်းဆီးခေါ်ဆောင်သွားသော ရဲတပ်ဖွဲ့ဝင် ၁၄ ဦးနှင့် အရပ်သားငယ်ဦးတို AA အဖွဲ့တ ပြန်လွှတ် ပေးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတို စီစဉ်နေသည်ဆိုသော သတင်းများတို တပ်မတော်နှင့် ရဲတပ်ဖွဲ့တ လက်ခံရရှိခဲ့ သော်လည်း အင်အားများစွာဖြင့် တိုက်ခိုက်ခံရမည့်အရေးကို ကြိုတင်ပြင်ဆင်ထားခဲ့ပုံမရပေ။[2] နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကြီးတစ်ဦးတမူ ထိုဖြစ်ရပ်သည် နောတ်ကျောကို ဓားနှင့်ထိုးခြင်းသာဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ပြီး AA အဖွဲ့အနေနှင့် ARSA အဖွဲ့ကိုသာ ဘုံရန်သူအဖြစ် ရှုမြင်သင့်ပြီး မူဆလင်အုပ်စုတို ထိန်းချုပ်နေသည့် အစိုးရ၏ အားထုတ်မှုများကို အားနည်းသွားစေခြင်းမျိုးကို ရှောင်ကြဉ်သင့်သည်ဟု ပြောကြားခဲ့သည်။[3]

အစိုးရသည် ထိုတိစ္စအား တုန့်ပြန်ရာတွင် တပ်မတော်ကို လွှဲအပ်ခြင်းမပြုတော့ပဲ ဇန်နဝါရီလ ၇ ရတ် တွင် အကြီးတန်းစစ်ဖတ်နှင့် အရပ်ဖက်အရာရှိများကို ရှားရှားပါးပါးထိပ်တန်းအစည်းအဝေး ခေါ်ယူ ခြင်းဖြင့်

[1] "AA launches massive coordinated attacks on four border police outposts in Buthidaung township, leaves 9 injured, 13 police personnel killed", *Global New Light of Myanmar*, 5 January 2019.
[2] Crisis Group တ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော နိုင်ငံရေးသုံးသပ်လေ့လာသူများကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။
[3] "AA backstabbed gov't forces in Jan 4 attacks: Border guard officer", *The Irrawaddy*, 7 January 2019.

စကင်ဆောင်ရွက်ခဲ့သည်။[4] အစိုးရက AA အဖွဲ့ကို အမြစ်ပြတ်ရှင်းလင်းရေးပြုလုပ်ရန် ညွှန်ကြား ခဲ့ပြီး စစ်ဆင်ရေးများနှင့်ပတ်သက်၍ တပ်မတော်အား ညွှန်ကြားချက်ကို အန်အယ်လ်ဒီအစိုးရက ပထမ ဆုံးအကြိမ် လူသိရှင်ကြားထုတ်ပြန်ခဲ့သည်။ "အကြမ်းဖက်သမားများကို ချေမှုန်းရန်" သမ္မတဦးဝင်းမြင့်က ကပ်မတော်ကို ညွှန်ကြားခဲ့သည်ဟု ဇန်နဝါရီလ ၇ ရက် အစည်းအဝေးအပြီးကွင် အစိုးရအဖွဲ့ ပြောရေးဆို ခွင့်ရှိသူ ဦးဇော်ဌေးက မီဒီယာများသို့ ပြောကြားသည်။[5] ဦးဇော်ဌေးက AA အဖွဲ့ကို ရခိုင်လူမျိုးများအ ကြား အယုံအကြည်ပျက်စေရန် သိသိသာသာ ကြိုးစားသည့်အနေနှင့် ယင်းအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင် ငံအကွင်း အခြေစိုက်စခန်းနှစ်ခု ထူထောင်ထားသော ARSA အဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲခဲ့ သည်။ ဦးဇော်ဌေးက ယခုတိုက်ခိုက်မှု၏ နောက်ကွယ်ကွင် ပြည်ပအင်အားကြီးနိုင်ငံများ ပက်သက်နေ သည်ဟု ပြောကြားခဲ့ပြီး –

> "သူကို့က အကြမ်းဖက်ကိုက်ခိုက်မှုသံသရာ နှစ်ပေါင်းများစွာကြာရှည်တာကို မြင်ချင်ကြ တာလား။ ကျွန်တော် (AA ကို) ထောက်ခံနေကဲ့ ရခိုင်တိုင်းရင်းသားတွေကို ပြောချင်တာ က

---

[4] အဆိုပါ အစည်းအဝေးတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဝင် ၁၁ ဦးစလုံး ပါဝင်သော်လည်း NLD အစိုး ရက ကာလုံအစည်းအဝေးဟု သုံးနှုန်းခြင်းမပြုပေ။ အစည်းအဝေးတွင် အစိုးရဝန်ကြီး ၄ ဦး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဌနှင့် စစ်ဖက်ရေးရာ လုံခြုံရေးအကြီးအကဲအပါအဝင် အခြားတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။ အစိုးရသည် အာဏာ ရလာကတည်းက ကာလုံအစည်းအဝေးကို ခေါ်ယူကျင်းပခြင်း မပြုခဲ့ပေ။

[5] ဇန်နဝါရီ ၁၈ ရက် သတင်းစာရှင်းလင်းပွဲတွင် တပ်မတော် ပြောရေးဆိုခွင့်ရှိသူက "ဇန်နဝါရီ ၇ ရက် အစည်းအဝေးတွင် ဒေါ် အောင်ဆန်းစုကြည်က AA ကို ထိရောက်စွာရှင်းလင်းရန် ညွှန်ကြားခဲ့ပြီး ထိုသို့ မတိုက်ပါက ARSA ကို ဘာသာခြားမို့ တိုက်ပြီး AA ကို တိုင်းရင်းသားမို့ မတိုက်ဘူးဟု လက်ညှိုးထိုးခံရလိမ့်မည်ဟု ပြောဆိုခဲ့ကြောင်း" ထုတ်ဖော်ပြောကြားသည်။ "AA must give up goal of confederation: Myanmar military", *The Irrawaddy*, 18 January 2019. ကိုလည်းကြည့်။

> ကိုယ့်အတွက်ပဲ မကြည့်ကြပါနဲ့၊ နောက်မျိုးဆက်တွေအတွက် စဉ်းစားကြပါ" တု ရခိုင် လူမျိုးများအား သတိပေးခဲ့သည်။[6]

အလားတူ စကားလုံးများကို ARSA အဖွဲ့အား တိုက်ခိုက်စဉ်ကလည်း အသုံးပြုခဲ့ဘူးသော်လည်း တ ရားဝင်အသိအမှတ်ပြုခံ တိုင်းရင်းသားဖြစ်သည့် ရခိုင်လူမျိုးများနှင့် ဆက်နွယ်သော AA ကဲ့သို့ လက် နက်ကိုင်အဖွဲ့အစည်း၏ ကိစ္စတွင် အသုံးပြုခြင်းမှာမူ ဖြစ်ရိုးဖြစ်စဉ် မတုတ်သော ထူးခြားမှုဖြစ်သည်။[7] အစိုးရ၏ တုန့်ပြန်ပုံသည် တင်းမာနေပြီးသားအခြေအနေတို ကြီးထွားစေခြင်း၊ ရခိုင်နှင့် ဗမာအကြား တွဲပြား နေမှုကို ကျယ်ပြန့်စေခြင်း၊ AA အဖွဲ့ကို ထုတ်ဖော်အားပေးသည့် ရခိုင်လူမျိုးအရေးအတွက် တိုးပွားလာ အောင် ဆွပေးရာရောက်ခြင်း စသည်တို့တို ဖြစ်လာစေမည် အန္တရာယ်ရှိသည်။ ထို့အပြင် စစ်ရေးအရ တုန့်ပြန်ရန် ညွှန်ကြားမှုသည် အန္တရာယ်များသော မဟာဗျူဟာဖြစ်ပြီး အစိုးရသည် တပ်မတော်၏ AA အဖွဲ့ ချေမှုန်းရေး ထိုးစစ်ဆင်မှုများနှင့် အကျိုးဆက်များအတွတ် အတိုင်းအတာတစ်ခုအထိ တာဝန်ရှိသူ ဖြစ်လာမည်ဖြစ်သည်။

မြန်မာစစ်တပ်သည် တိုတ်ပွဲဖြစ်ခဲ့သော နယ်မြေသို့ တပ်မနှစ်ခုမှ တပ်ရင်းများတို ရွှေ့ပြောင်းထားပြီး ဘူးသီးတောင်မြို့နယ်အတွင်းရှိ AA တပ်စခန်းတစ်ခုတို သိမ်းယူထားပြီတု သိရှိရသည်။[8] ဇန်နဝါရီ ၅ - ၁၆ ရတ်အတွင်း AA တပ်ဖွဲ့ဝင် ၁၃ ဦး ကျဆုံးခဲ့သည်ဟု မြန်မာစစ်တပ်က ပြောကြားသော်လည်း ၎င်းတို့ ဖက်မှ ကျဆုံးမှုအရေအတွက်ကိုမူ ထုတ်ဖော်ပြောဆိုရန် ငြင်းဆန်ခဲ့သည်။[9] နောက်ထပ်တိုက်ပွဲများ ရှိနိုင် သေးသည်တု မျှော်လင့်ရသော်လည်း AA အဖွဲ့မှာ ၎င်းတို့၏ ထောက်ပံ့ရေးလမ်းကြောင်းများ ဆွဲဆန့် ထားရသည်အပြင်

[6] "Myanmar's civilian, military leaders meet, vow to 'crush' Rakhine rebels", Reuters, 7 January 2019.

[7] အစိုးရက လူမျိုးစု ၁၃၅ စုကို တိုင်းရင်းသားများအဖြစ် အသိအမှတ်ပြုထားသည်။ ထိုစာရင်းတွင် တရုတ်နွယ်ဖွားများနှင့် ရို ဟင်ဂျာ အပါအဝင် တောင်အာရှနွယ်ဖွားများ ပါဝင်ခြင်းမရှိ။

[8] "A new war rages in Myanmar", *Asia Times*, 15 January 2019.

[9] "AA must give up goal of confederation: Myanmar military", *The Irrawaddy*, 18 January 2019.

ခြောက်သွေ့ရာသီလည်း နီးတပ်လာပြီဖြစ်သောကြောင့် လာမည့်လများအတွင်း တပ် များ ရုတ်သိမ်းတော့မည်ဟု ယူဆရသည်။[10] ထို့အတွက် တပ်မတော်သည် အရပ်သားများထံ ဦးလှည့်လာ ကာ အကြီးစားဖမ်းဆီးမှုများ ပြုလုပ်ခြင်းအားဖြင့် AA ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ် တောက်ရန် ကြိုးစားဖွယ်ရှိသည်။[11] ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သတ်၍ နောက်ထပ် စိုးရိမ်စရာ ဖြစ်စဉ်တစ်ခုအနေနှင့် ဇန်နဝါရီလ ၁၆ ရက်တ မောင်းတောမြို့နယ်အတွင်း ရဲတပ်ဖွဲ့ဝင် ၆ ဦး ဒဏ်ရာရရှိခဲ့သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ယာဉ်တန်း ခြုံခိုတိုက်ခိုက်ခံရမှုတွင် အစပိုင်း၌ AA အဖွဲ့အပေါ် အပြစ်ပုံချခဲ့သော်လည်း နောက်ပိုင်းတွင် မူဆလင်အုပ်စုတ ဆိုရှယ်မီဒီယာတွင် တင်ခဲ့ပုံရသော ဖြစ်စဉ် ဗီဒီယိုဖိုင် ထွတ်ပေါ်လာပြီးနောတ် ARSA အဖွဲ့နှင့် ပတ်သက်မှုန်း ပေါ်လွင်သွားခဲ့သည်။[12] အတယ်၍ ထွက်ပေါ်လာသည့်အတိုင်း ARSA အဖွဲ့၏ လက်ချက်ဖြစ်သည် ဆိုပါတ တစ်နှစ်ကျော်ကာလအတွင်း မူဆလင်အဖွဲ့၏ ပထမဆုံးပီပီပြင်ပြင် တိုက်ခိုက်မှုဖြစ်ပေလိမ့်မည်။

AA အဖွဲ့၏ တိုက်ခိုက်မှုနှင့် ပတ်သတ်သည့် လတ်တလောအကြောင်းရင်းမှာမူ လုံးလုံးလျားလျား သဲ ကွဲခြင်းမရှိသေးပေ။ ဖြစ်နိုင်သော ပထမတစ်ချက်မှာ တချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ စစ်ဌာနချုပ် နယ်မြေ ၅ ခု အကြုံးဝင်သော ၂၀၁၉ ဧပြီလ ၃၀ ရက်အထိ တဖက်သတ် အပစ်အခတ်ရပ်စဲမှုကို မြန်မာ စစ်တပ်တ ကြေညာခဲ့မှုဖြစ်သည်။ ARSA အဖွဲ့အား ဆတ်လတ်တိုက်ခိုက်မှုများပြုလုပ်ရန် လိုအပ်သော ကြောင့် ရခိုင်ပြည်နယ် အကြုံးမဝင်ဟု တပ်မတော်ဖတ်မှ ပြောဆိုထားသော်လည်း AA အဖွဲ့ကမူ စစ်တပ် ၏ ရည်ရွယ်ချတ်မှာ ၎င်းတို့အား တိုက်ခိုက်ရန်အတွက် တချင်ပြည်နယ်နှင့်

---

[10] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော နိုင်ငံရေးသုံးသပ်လေ့လာသူကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

[11] ၎င်း

[12] "Fresh ARSA attack injured six police officers", *The Irrawaddy*, 20 January 2019.

ရှမ်းပြည်နယ်မှ တပ်များကို ပြန်လည်ဆွဲထုတ်ရန် ဖြစ်သည်ဟု ယုံကြည်ပုံရသည်။ AA အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်က နယ်ခြား စောင့်ရဲတပ်ဖွဲ့သည် AA တပ်များအား သောင်းကျန်းသူနှိမ်နင်းရေး ဖြတ်လေးဖြတ်မဟာဗျူဟာ ကျင့်သုံးရန်အတွက် တပ်မတော်နှင့် အတူလုပ်ဆောင်နေသောကြောင့် AA တပ်ဖွဲ့များက ရဲကင်းများကို ပစ်မှတ် ထားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။[13] AA အဖွဲ့၏ တိုက်ခိုက်မှု ရည်မှန်းချက်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ခြေကုတ်ထူထောင်ရန်နှင့် ရခိုင်လူထုအကြား ထောက်ခံမှုခိုင်မာစေရန် ဖြစ်ပုံရပြီး ထို နည်းအားဖြင့် အနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများတွင် AA ၏ အနေအထားကို အားကောင်း စေမည်ဖြစ်သည်။ "အခုအချိန်က သူတို့အတွက် တွန်းအားပေးဖို့ အခိုက်အတန့်လို့ ယူဆကြတာပေါ့" ဟု AA တာဝန်ရှိသူများနှင့် နီးစပ်မှုရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူတစ်ဦးက ပြောကြားသည်။[14]

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ အီးယူ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်က တိုက်ခိုက်မှုသည် အလွန်ဆိုးဝါးကြောင်း၊ သို့ရာတွင် ရခိုင်ပြည်နယ်အရေးတွင် တွေ့ဆုံဆွေးနွေးမှုနှင့် အားလုံးပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်မှတဆင့်သာလျှင် ဖြေရှင်းနိုင်မည် နက်ရှိုင်းစွာ အမြစ်တွယ်နေသော သမိုင်းကြောင်း ဆိုင်ရာ မကျေလည်မှုများ ရှိနေခြင်းကိုလည်း အသိအမှတ်ပြုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တပ်မတော်၏ တဖက်သတ်အပစ်အခက်ရပ်စဲမှုကိုလည်း ရခိုင်ပြည်နယ်သို့ တိုးချဲ့ရန် အီးယူကိုယ်စား လှယ်က တိုက်တွန်းထားသည်။[15] တရုတ်နိုင်ငံကလည်း မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး ထိန်းသိမ်းရန် အားထုတ်မှုများကို

[13] တပ်မတော်သည် သောင်းကျန်းသူများအား စားနပ်ရိက္ခာ၊ ရန်ပုံငွေ၊ တပ်သားသစ်နှင့် သတင်းထောက်လှမ်းမှု ဖြတ်တောက် ရန်အတွက် ဖြတ်လေးဖြတ် မဟာဗျူဟာကို ၁၉၇၀ ခုနှစ်များကတည်းက အသုံးပြုခဲ့။

[14] Crisis Group က AA နှင့် နီးစပ်သော သူကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ ၁၀။

[15] "Local EU Statement on the Escalation of Violence in Rakhine State", Delegation of the European Union to Myanmar, Yangon, 10 January 2019.

ထောက်ခံအားပေးကြောင်း ပြောကြားခဲ့ပြီး ထိန်းထိန်းသိမ်းသိမ်းနှင့် ဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးမှု၊ ညှိနှိုင်းတိုင်ပင်မှုများမှတဆင့် ဖြေရှင်းရေးကို တိုက်တွန်းခဲ့ သည်။[16]

အရပ်သားများ၏ ထိခိုက်နစ်နာမှုအပိုင်းသည်လည်း အလွန်ဆိုးဝါးကာ လူပေါင်း ၄၅၀၀ ခန့်သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးနေကြပြီး အစိုးရ၊ နိုင်ငံတကာ ကြက်ခြေနီကော်မတီ ICRC ၊ အ ရပ်ဖတ်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများထံမှ အထောက်အပံ့များကို ရရှိနိုင်မည် ဘုန်းကြီး ကျောင်းများတွင် ခိုလှုံရန် ကြိုးစားနေကြသည်။[17] ဇန်နဝါရီ ၁၀ ရက်တွင် ရခိုင်ပြည်နယ်အစိုးရတ ICRC နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP မှလွဲ၍ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အင်န်ဂျီအိုများ အားလုံးကို ပဋိပက္ခဒဏ်သင့် ၅ မြို့နယ်သို့ သွားရောက်ခြင်းမှ ပိတ်ပင်သည့် အမိန့်ကို ထုတ်ပြန်ခဲ့သည်။[18] အိုးအိမ်စွန့်ခွာလာသူများထံ စားနပ်ရိက္ခာအတူအညီပေးပို့ရန် ရခိုင်အင်န်ဂျီအိုများတ ကြိုးစားမှုကိုလည်း တပ်မတော်တ ပိတ်ပင်ခဲ့သည့်ဟု ပြည်တွင်းမီဒီယာများတ ဖော်ပြကြသည်။[19]

III. မုန်တိုင်းထန်မှုအတွက် ပျိုးလာခြင်း

အဆိုပါတိုက်ခိုက်မှုများသည် ရခိုင့်တပ်မတော် AA ၏ ကြီးထွားလာသော စစ်ရေးစွမ်းရည်ကို ပြသနေ သကဲ့သို့ဖြစ်ရာ ၎င်းအတွက် ရန်ပုံငွေဖြည့်တင်းမှု၊ တပ်သားသစ်အရေအတွက်တိုးပွားမှုတို့ကို အထောက် အတူဖြစ်စေသည့် ရခိုင်လူမျိုးတို့အကြား ရေပန်းစားထောက်ခံမှု မြင့်တက်လာခြင်းအပေါ် အခြေခံတည် ဆောက်ထားခြင်းဖြစ်သည်။ AA ၏ ကြီးထွားမှုသည်

[16] "Chinese Embassy's Statement on the Violence in Rakhine State", Embassy of the People's Republic of China in the Republic of the Union of Myanmar, 5 January 2019.
[17] "Asia and the Pacific: Weekly Regional Humanitarian Snapshot (1-7 Jan 2019)", UN Office for the Coordination of Humanitarian Affairs, 7 January 2019.
[18] "Aid groups barred from Rakhine conflict zones", *The Myanmar Times*, 14 January 2019.
[19] "Concern mounts for IDPs in northern Rakhine as army blocks aid shipments", *The Irrawaddy*, 9 January 2019.

အချိန်တိုအတွင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ AA အဖွဲ့ကို လိုင်ဇာရှိ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) ဌာနချုပ်တွင် ၂၀၀၉ ခုနှစ်က ဖွဲ့စည်းခဲ့သည်။ KIA သည် ၁၉၉၄ ခုနှစ်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ သော်လည်း ၁၅ နှစ်ခန့်အကြာတွင် ထိုသဘောတူညီချက်သည် ပျက်ပြားတော့မည် အခြေအနေရှိနေ သည်ကို ခံစားသိရှိခဲ့ကြသည်။[20] KIA အနေနှင့် ထိုသဘောတူညီချက်အောက်တွင် လက်နက်နှင့် တိုယ် ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းထားရန် မျှော်လင့်ခဲ့သော်လည်း တပ်မတော်ကွပ်ကဲမှု လတ်အောက်ခံ နယ် ခြားစောင့်တပ်ဖွဲ့အဖြစ် ကူးပြောင်းရန် အစိုးရက ဖိအားပေးလာခဲ့သည်။ တိုက်ပွဲများ အသစ်ပြန်လည် ဖြစ်ပွားတော့မည် အခြေအနေတွင် အာမခံမှုဝါဒအနေနှင့် ကိုယ်စားပြုတပ်ဖွဲ့နှစ်ခုဖြစ်သော ရခိုင့်တပ် မတော် (AA) နှင့် တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (TNLA) တို့ကို ထူထောင်ရန် ပံ့ပိုးပေး ခဲ့ပြီး ၎င်း၏ လက်နက်စက်ရုံမှ လက်နက်များကို ထောက်ပံ့ပေးခဲ့သည်။[21]

AA အဖွဲ့သည် ၂၀၁၄ ခုနှစ်ဝန်းကျင်အထိ KIA နယ်မြေထဲတွင် ကန့်သတ်လှုပ်ရှားနေခဲ့ပြီးနောက် ချင်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ စိမ့်ဝင်ပြန့်နှံ့လာခဲ့ရာ အစိုးရတပ်ဖွဲ့များနှင့် အခြေအတင်ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။ AA တပ်များသည် လွန်ခဲ့သောနှစ်က ထိုနယ်မြေ များမှတဆင့် တောင်ဖက်သို့ ချဉ်းတပ်လာခဲ့ကြပြီး ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် ကျောက် တော်မြို့နယ်များ၏ အစွန်အဖျားနယ်မြေများသို့ ဝင်ရောက်လာခဲ့ကြသည်တု သိရှိရသည်။[22]

သမိုင်းကြောင်းဆိုင်ရာနှင့် လတ်တလောဆိုင်ရာ အကြောင်းရင်းများ နှစ်မျိုးစလုံးက AA ကို ထောတ် ခံအားပေးရန် လှုံ့ဆော်ပေးသည်။ ရာစုနှစ်များ

[20] See Crisis Group Asia Briefing N°140, *A Tentative Peace in Myanmar's Kachin Conflict*, 12 June 2013, Section III.C.

[21] ၂၀၁၁ ဇွန်လတွင် အပစ်အခတ် ရပ်စဲရေး ပျက်ပြားသွားပြီးနောက် KIA သည် တပ်မတော်နှင့် ယခုအချိန်အထိ တိုက်ပွဲဖြစ် နေ

[22] "Analysis: Arakan Army – A powerful new threat to the Tatmadaw", *The Irrawaddy*, 8 January 2019.

နောက်ပြန်သွားကြည်လျှင် ၁၇၈၄ ၌ မြောက်ဦးဘုရင့်နိုင်ငံ ကျဆုံးခဲ့ပြီးကတည်းက ရခိုင်လူမျိုးတို့သည် ဗမာလူမျိုးတို့အပေါ် မကျေလည်မှုများ ရှိလာခဲ့ခြင်းဖြစ်ပြီး ပြည်နယ်၏ ဆင်းရဲတွင်းနက်မှုသည် ဗဟိုအစိုးရက လစ်လျူရှုထားခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိခြင်း တို့ကြောင့်ဖြစ်သည်ဟု ရခိုင်တို့က အပြစ်တင်ခဲ့သည်။ ရခိုင်လူမျိုးအများစုက ဗမာလူမျိုးတို့ကို ပြည်နယ် အတွင်းရှိ မူဆလင်များထက် ပိုမိုကြီးမားသော ရန်သူအဖြစ် ရှုမြင်ကြပြီး ထိုအချက်ကို အစိုးရနှင့် ဗမာ နိုင်ငံရေးခေါင်းဆောင်များက အသိအမှတ်ပြုခြင်းမရှိကြပဲ ဖြေရှင်းရန်လည်း စိတ်အားထက်သန်ခြင်း မရှိ ခဲ့ကြပေ။ ရခိုင်လူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားလူမျိုးတို့ထက် စစ်ဆင်နွှဲလိုစိတ် နည်းပါးပုံရပြီး အင်အားကောင်းသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့မရှိခဲ့ခြင်းကြောင့် အစိုးရနှင့် လက် နက်ကိုင် ပဋိပက္ခ ဖြစ်ပွားမှု လောလောလက်လတ် အတွေ့အကြုံမရှိကြပေ။ အချို့နယ်မြေများတွင် AA အဖွဲ့၏ စွန့်စားမှုများအတွက် စိတ်လှုပ်ရှားကြသည်ကို ထင်သာမြင်သာပင် ရှိသည်ကို တွေ့ရသည်။[23]

အန်အယ်လ်ဒီအာဏာရလာခြင်းသည် နောက်ကွယ်တွင်ရှိနေသော တရားမျှတမှုမရှိဟု ခံစားနေ ရခြင်းများကို ပိုဆိုးလာစေမှုကိုသာ ဖြစ်စေသည်။ သမ္မတဦးသိန်းစိန်လက်ထက်က အစိုးရသည် ရခိုင် နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်ပင်အကြံဉာဏ်ယူရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ၎င်းတို့ကို ပါဝင်စေရန် ကြိုးပမ်းမှုအချို့ လုပ်ဆောင်ခဲ့သည်။ မဟာမိတ်အဖြစ် ဖန်တီးနိုင်စေရန် မဟာဗျူဟာကျ သော စီးပွားရေးခွင့်ပြုမှုများပေးခြင်းနည်းကို အသုံးပြုခဲ့သည်။ အန်အယ်လ်ဒီသည် ၎င်း၏ လက်ထက် တွင် ယခင်အစိုးရနှင့် သန့်ကျင်ဖက်လုပ်ဆောင်ခဲ့ရာ ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်နယ်လွှတ်တော်နေ

[23] ဤသဘောထားသည် ဆိုရှယ်မီဒီယာထွင် အလွန်ပေါ်လွင်သည်။ ရခိုင်တို့၏ မကျေလည်မှုများ၏ အသေးစိတ်ကို Crisis Group Asia Report N°261, *The Politics of Rakhine State*, 22 October 2014 ကြည့်ပါ။

ရာများ၌ အများစုပြတ်ပြတ်သားသားအနိုင်ရခဲ့သော ရခိုင်အမျိုးသားပါတီ၏ ပြည်နယ်ဝန်ကြီးချုပ်နေရာ ကိုပေးရန် တောင်းဆိုမှုကို လစ်လျူရှုခဲ့ပြီး ထိုရာထူးအတွက် အားနည်းသော အန်အယ်လ်ဒီမှ အဖွဲ့ဝင် တစ်ဦးကို ခန့်အပ်ခဲ့သည်။ ၂၀၁၆ –၂၀၁၇ တွင် ARSA က တိုက်ခိုက်ပြီး ရိုဟင်ဂျာမူဆလင် ၈၀၀,၀၀၀ ခန့် ထွက်ပြေးပြီးနောက်တွင် ဗဟိုအစိုးရသည် ရခိုင်ပြည်နယ်မှ အုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများကို ပိုမိုချုပ်ကိုင်လာသဖြင့် ပြည်နယ်အစိုးရသည် အာဏာမရှိသလောက်ဖြစ်လာကာ ပြည်နယ်လွှတ်တော်မှာလည်း ဘေးဖယ်ခြင်းခံထားရသည်။

၂၀၁၈ ခုနှစ်အတွင်း ဖြစ်ခဲ့သော အချို့အဖြစ်အပျက်များသည် အထူးအရေးကြီးကြောင်း သက်သေ ပြခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တ ဗမာလက်အောက်ကျရောက်ခဲ့ရသော ရှေးရခိုင်မင်းဆက်များ၏ နန်းစိုက်ရာ မြောက်ဦးတွင် ဆန္ဒပြသူအုပ်စုတစ်စုကို ရဲက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခုနှစ်ဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရခဲ့သည်။ ဆန္ဒပြမှုမှာ ရခိုင်မင်းဆက်နန်းကျခြင်းနှစ်ပတ်လည် အခမ်းအနားကျင်း ပရန် စီစဉ်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပယ်ဖျက်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့ရာ လူအုပ်ကြီးကို ဒေါသထွက်စေ ပြီး မြို့ထဲတွင် စုဝေးခဲ့ကြသည်။ နောက်နှစ်ရက်အကြာတွင် ပြည်နယ်၏ ထိပ်တန်းနိုင်ငံရေးသမား ဒေါက် တာအေးမောင်နှင့် နာမည်ကျော်စာရေးဆရာလည်းဖြစ်၊ အရပ်ဖက်အဖွဲ့အစည်းတက်ကြွလှုပ်ရှားသူ လည်းဖြစ်သော ဝေဟင်အောင်တို့ကို စစ်တွေ၌ ဖမ်းဆီးခဲ့သည်။ ဒေါက်တာအေးမောင်၏ အမှုမှာ တရား ရုံးတွင်ပင် စစ်ဆေးဆဲဖြစ်ကာ နိုင်ငံတော်သစ္စာဖောက်မှုနှင့် လှုံ့ဆော်မှုတို့ဖြင့် သေဒဏ်ကျခံရနိုင်သည့် အမှုဖြစ်သည်။ သူသည် ဇန်နဝါရီလ ၁၆ ရက်နေ့ ရှန်းရင်းဆန်ခတ်မှုမတိုင်မီတလေးတမှ ပြောကြားခဲ့ သော မိန့်ခွန်းတွင် ဗမာများသည် ရခိုင်တို့ ကျွန်အဖြစ်သဘောထားကြောင်းနှင့် ရခိုင်ပြည်သူများ၏

အ ချုပ်အခြာအာဏာထူထောင်ရန် လက်နက်ကိုင်ကြိုးပမ်းမှုအား ထောက်ခံကြရန် ဖော်ပြခဲ့သည်ဟု စွပ်စွဲခံ ထားရသည်။

ဒေါက်တာအေးမောင်ဖမ်းဆီးခံရခြင်းနှင့် ရခိုင်အမျိုးသားပါတီအတွင်း သဘောထားတွဲကြခြင်းတို့ ကြောင့် ခေါင်းဆောင်မှုအပိုင်းတွင် လစ်ဟာသွားသည့် နေရာ၌ AA တ အမြန်ဆုံးနေရာဝင်ယူခဲ့သည်။ ရခိုင်ပြည်သူအများစုသည် ၎င်းတို့၏ တရားမျှတမှုမရှိဟု ခံစားနေရမှုများကို ဖြေရှင်းရန် ရှင်းလင်းသော နိုင်ငံရေးလမ်းကြောင်းတို မတွေ့ရသောကြောင့် ဗမာများတ ဖိနှိပ်သည်ဟု ခံယူထားမှုများအား လတ်နတ် ကိုင်ကြိုးပမ်းမှုတသာ ထိရောတ်သော တုန့်ပြန်မှုဖြစ်လိမ့်မည်ဟု တိုး၍ ရှုမြင်လာကြသည်။

AA သည် ရခိုင်ပြည်သူများ၏ တရားမျှတမှုမရှိဟု ခံစားနေရမှုများကို အခြေခံလျက် အွန်လိုင်းရော၊ အခြားလှုပ်ရှားမှုများမှတဆင့်ပါ ဦးနှောတ်ကောင်းကောင်းဖြင့် သြဇာထူထောင်သွားသည်။ #Arakan Dream2020 ဟူသော ဆိုရှယ်မီဒီယာလှုပ်ရှားမှုနှင့် "ရတ္ခိတနည်းလမ်း" (AA ၏ ပြည်လုံးတျွတ် လတ် နတ်တိုင်တော်လှန်ရေး စီမံတိန်း၏အမည်) ဟု တီရှပ်များတွင် ရိုတ်နှိပ်သော နည်းလမ်းများ အသုံးပြုခဲ့ သည်။[24] ဆိုရှယ်မီဒီယာပေါ်မှ ဗီဒီယိုများသည် AA ၏ စစ်ဆင်ရေးစွမ်းဆောင်ရည်တို ပိုကြီးစေမည် တန် ဘိုးကြီးလတ်နတ်များအပါအဝင် စစ်ရေးစွမ်းရည်များတိုးတတ်နေပုံတို အမွှမ်းတင်ပြသထားသည်။[25] အောတ်ခြေလူထု၏ ထောတ်ခံမှုတို ရယူရန် ကြိုးစားသည်ပြင် AA ၏ နိုင်ငံရေးခေါင်းဆောင်ပိုင်း၊ အထူး သဖြင့် ထွန်းမြက်နိုင်သည် ပညာတက်ရခိုင်များ အာသီသရှိနေသော အဆင့်မြင့်နိုင်ငံရေးရာထူးများ အ ကြောင်းတိုလည်း ဆိုရှယ်မီဒီယာရော သမရိုးကျမီဒီယာများပါ အသုံးပြုလျတ် ပြောကြားခဲ့သည်။ AA သည် ၎င်းတို့၏ လှုပ်ရှားမှုများအတွက် အတားအဆီးတု ရှုမြင်သော မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်

[24] "Myanmar's Rakhine torched anew by insurgent fire", *Asia Times*, 3 January 2019.
[25] ဥပမာအနေဖြင့် "Welcome to the 9th anniversary of Arakan Army Day", video, YouTube, 6 April 2018. ကို ကြည့်ပါ။

အ ခြားအစိုးရ တာဝန်ရှိသူများတို ခြိမ်းခြောက်ခြင်းများဖြင့် ကြောက်ရွံ့အောင် လုပ်ဆောင်ခြင်းတို နည်းဗျူ ဟာတစ်ခုအဖြစ်အသုံးပြုနေသည်။[26]

AA သည် ရခိုင်ပြည်နယ်တွင် တက်ကြွစွာ လူသစ်စုဆောင်းလျက်ရှိရာ အခြားဒေသသို့ အလုပ်အကိုင် အခွင့်အလမ်းရှာဖို့ သွားရောက်ရန် ရွေးချယ်ဘူးသည့် လူငယ်များသည် AA တပ်ထဲဝင်ရန် စာရင်းပေး ကြသည်။[27] တချင်ပြည်နယ်နှင့် ရန်ကုန်မှ များပြားလှသော ရခိုင်အသိုင်းအဝိုင်းများတလည်း တပ်သား သစ်များရရှိရန် နောက်ထပ်အရေးကြီးသည် ရင်းမြစ်များဖြစ်ကြသည်။ အချို့သော ရခိုင်ဗုဒ္ဓဘာသာ ဘုန်း တော်ကြီးကျောင်းများနှင့် ရန်တုန်မှ ရခိုင်လူမျိုးများပိုင်ဆိုင်သည် စီးပွားရေးလုပ်ငန်းများတွင် ပြည်သူ့ စစ်ဟူသော စကားလုံးထို ပွင့်ပွင့်လင်းလင်းအသုံးပြုကြရာ ဥပမာအားဖြင့် ထိုနေရာများသည် လူသစ်စု ဆောင်းသည့် ရုံးများဖြစ်ကြသည်။[28] တချိန်တည်းမှာပင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ရွှေ့ပြောင်း လုပ်သားများတလည့်း ရခိုင်ပြည်ရှိ ဆွေမျိုးများမှတဆင့်လည်းကောင်း၊ တရုတ်နိုင်ငံရှိ ဘဏ်စာရင်းများမှ လည်းကောင်း ငွေများပေးပို့ကြပြီး ရခိုင်စီးပွားရေးလုပ်ငန်းရှင်များတလည်း လှူဒါန်းကြကြောင်း AA က ကြွားဝါလေ့ရှိသည်။[29]

---

[26] အစိုးရတာဝန်ရှိသူများထံသို့ ခြိမ်းခြောက်စာနှင့် ကျည်ဆံပူးတွဲလျက် မှန်မှန်ပေးပို့သော ဓါတ်ပုံများကို ဆိုရှယ်မီဒီယာပေါ် တွင် ဖြန့်ဝေခဲ့သည်။ AA က ၎င်းတို့ ပေးပို့မှုကို ငြင်းဆန်ခြင်းမရှိပေ။ ဥပမာ "AA issues threatening letters to Rakhine police, village head", *The Irrawaddy*, 22 December 2018. ကို ကြည့်ပါ။

[27] လေ့လာမှုအစီရင်ခံစာအရ ရခိုင်ပြည်နယ်မှ မြို့နယ်အချို့တွင် လူငယ်များ၏ ၈၀% သည် အလုပ်ရှာရန် နိုင်ငံတွင်း အခြား ဒေသများနှင့် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားကြသည်ဟု သိရသည်။ "IOM appeal (Myanmar/Rakhine State) (April 2016-April 2018)", International Organization for Migration, 15 March 2016. ကြည့်ပါ။

[28] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော နိုင်ငံရေးသုံးသပ်လေ့လာသူကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

[29] Crisis Group က ရခိုင်ဂျာနယ်လစ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော နိုင်ငံရေးသုံးသပ်လေ့လာသူကို တွေ့ဆုံ မေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

AA သည် မြန်မာနိုင်ငံရှိ လက်နက်ကိုင်အုပ်စုအားလုံးနီးပါးကဲ့သို့ပင် မူးယစ်ဆေးဝါးကုန်သွယ်မှုမှ အမြတ်အစွန်းရနေပုံရသော်လည်း ၎င်းက ငြင်းဆန်သည်။ ၂၀၁၆ ခုနှစ်အစောပိုင်းက အစိုးရသည် AA အရာရှိကစ်ဦးကို ရန်ကုန်တွင် လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် မူးယစ်ဆေးဝါးအမြောက်အများ ကို သိမ်းဆည်းရမိကြောင်း ပြောကြားခဲ့သည်။[30] ပြီးခဲ့သည် ဇူလိုင်က မီသိုင်းအမ်ဖက်တမင်းဆေးပြား ၂.၆၇ တန် စံချိန်တင်ဖမ်းဆီးရမိမှု၌ ရခိုင်ကုန်သည်များနှင့် ဆက်နွယ်လျက်ရှိသည်။[31] မူးယစ်ဆေးဝါး အ များစုကို ဘင်္ဂလားဒေ့ရှ်သို့ ပို့ဆောင်ခြင်းဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် ယာဘဟုသိကြသော မီ သိုင်းအမ်ဖက်တမင်းဆေးပြားများမှာ လွန်ခဲ့သည် နှစ်နှစ်အတွင်း ပို၍ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်နေပြီ ဖြစ်သည်။ အချို့နေရာများတွင် ယာဘအမှုန့်ကို ကွမ်းသီးနှင့်ရော၍ ထုပ်ပိုးကာ ပြောင်ပြောင်တင်းတင်း ရောင်းနေကြရာ ကျပ် ၄၀၀ နီးပါးခန့်သာ ပေးရသည်။[32]

ဇန်နဝါရီလ ၄ ရက်နေ့ တိုက်ခိုက်မှုနှင့် အစိုးရ၏ တုန့်ပြန်မှုသည် ရခိုင်ပြည်နယ်မှ လက်နက်ကိုင် ပဋိပက္ခ၏ အားနှင့် လားရာကို ပြောင်းသွားစေခဲ့ရာ ယခင်က AA အပေါ် ပုန်းလျှိုးကွယ်လျှိုးထောက်ခံ နေကြရသည် အဖြစ်မှ ပြောင်ကျကျထောက်ခံမှုကို ဖြစ်လာစေသည်။ ရခိုင်ရပ်ရွာလူထုသည် ပဋိပက္ခနှင့် ၎င်းကြောင့် အနုတ်လက္ခဏာဆောင်သော နောက်ဆက်တွဲအကျိုးဆက်များကို တဖြည်းဖြည်းနှင့် စိတ် ပျက်လာနိုင်သော်လည်း ရေကိုအနေဖြင့်မူ ပဋိပက္ခနှင့် ၎င်းနှင့်အတူတွဲပါလာသော မလွဲမရှောင်သာသည့် စစ်တပ်တ အရပ်သားများအပေါ် ကျူးလွန်မှုများသည် AA ကို ပိုမိုထောက်ခံကြရန် ကွန်းအားများဖြစ်နေ ဦးမည်ဖြစ်သည်။ ပဋိပက္ခသည် အန္တရာယ်ကြီးသော

30 "How to fund a war – Arakan Army officer arrested with guns, drugs in Yangon", *Global New Light of Myanmar*, 28 February 2016.

31 "Police searching for six suspects over record US$106 million drug haul", *The Myanmar Times*, 19 August 2015.

32 ဆေးပြားထစ်ပြားကို မြန်မာကျပ်ငွေ ၄၀၀၀ ကျသင့်ရာ ဒေါ်လာ ၂.၅၀ ဝန်းကျင်သာဖြစ်သည်။ Crisis Group က ရခိုင်ဂျာ နယ်လစ်ကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

အဆင့်သစ်သို့ ချဉ်းနင်းဝင်ရောက်လာရာ တိုင်းရင်း သားများအတွင်း စိတ်ဝမ်းကွဲမှုက ရှေ့တန်းရောက်လာသည်ကို ပိုမိုရှင်းရှင်းလင်းလင်း တွေ့မြင်နေရပြီဖြစ် သည်။

ရခိုင်နှင့် ဗမာပြည်သူများအကြားစိတ်ဝမ်းကွဲမှု၏ နောက်ဆက်တွဲအကျိုးဆက်များမှာ ပက်သက် ဆက်နွယ်မှုများစွာ ရှိလာနိုင်သည်။ အကြောင်းမှာ စစ်တပ်၊ အစိုးရနှင့် ဝန်ထမ်းအဖွဲ့အစည်းများနှင့် အ ရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအပါအဝင် တစ်နိုင်ငံလုံးနှင့်ဆိုင်သော အဖွဲ့ အစည်းများတွင် ထင်ရှားသော ရခိုင်အထက်တန်းလွှာများ ရှိနေသောကြောင့်ဖြစ်သည်။ မည်သို့သော အကျိုးဆတ်များရှိလာနိုင်သည် ဆိုသည်နှင့်ပတ်သက်၍ နမူနာအဖြစ်အပျက်များကို စတင်တွေ့မြင်နေ ရပြီဖြစ်သည်။ ဩဇာရှိသော ဗုဒ္ဓဘာသာအမျိုးသားရေးအဖွဲ့အစည်းဖြစ်သည် မဘသ၏ အထက်မြန်မာ ပြည်အဖွဲ့ခွဲက ဇန်နဝါရီလ ၄ ရတ် တိုက်ခိုက်မှုကို ရှုတ်ချသည် ကြေညာချက်ထုတ်သောအခါ ရခိုင်အဖွဲ့ခွဲ က လွန်ခဲ့သောနှစ်က မြောက်ဦးတွင် ရဲက ဆန္ဒပြသော ရခိုင် ၇ ဦးကို သေနက်ဖြင့် ပစ်သောအခါက အ ဘယ်ကြောင့် ငြိမ်နေရသနည်းတု မေးခွန်းထုတ်၍ တုန့်ပြန်ခဲ့သည်။[33] ထို့အပြင် ရခိုင်တိုင်းရင်းသား ဂျာ နယ်လစ်တစ်ဦး ရှင်းပြသကဲ့သို့ ရန်ကုန်တွင် ဗမာလူမျိုးများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ရခိုင် များသည်ပင် လူများစုဗမာများအပေါ် ၎င်းတို့၏ စိတ်ဆိုးမှုကို လူသိရှင်ကြားထုတ်ဖော်လာကြသည်တု ဆို ခဲ့ပြီး "ရခိုင်လိုနေရာမျိုးမှာ လူတွေရဲ့ ခံစားချတ်တို ခန့်မှန်းကြည့်နိုင်တယ်" ဟု ဆိုသည့်။[34]

[33] သဘောထားအမြင်ကြေညာချက်၊ မဘသ (အထက်မြန်မာပြည်) ၊ ၂၀၁၉ ဇန်နဝါရီလ ၆ ရက်။ ကန့်ကွက်ကြောင်း ကြေညာ ချက်၊ မဘသ (ရခိုင်ပြည်နယ်) ၊ ၂၀၁၉ ဇန်နဝါရီလ ၁၁ ရက်။

[34] Crisis Group က ရခိုင်ဂျာနယ်လစ်ကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

IV. ငြိမ်းချမ်းရေးနှင့် ဒုက္ခသည်များ ပြန်လာရေး

ဇန်နဝါရီလ ၄ ရက်နေ့က တိုက်ခိုက်မှုသည် မြန်မာနိုင်ငံ၏ အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ၂၀၁၆ ခုနှစ်ကတည်းက ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသော ရိုဟင်ဂျာ ၈၀၀,၀၀၀ ကျော်ပြန်လာရေးအတွက် အစိုးရက လုပ်ဆောင်နေသော အစီအစဉ်များအတွက် စိန်ခေါ်မှု အသစ်များထပ်ပေးပါသည်။ ချက်ခြင်းသက်ရောက်မှုမှာ ရပ်ထန့်နေသည်မှာ ကြာနေပြီဖြစ်သော ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်အ ေပါ်တွင်ဖြစ်သည်။ တိတိပပဆိုရပါက ဖေဖော်ဝါရီလတွင် ၂၁ ရာစုပင်လုံ ငြိမ်း ချမ်းရေးညီလာခံကျင်းပရန် အစိုးရ၏ ကြိုးပမ်းမှုများအပေါ်တွင် သက်ရောက်မှုကြီးစွာရှိသည်။ အဆိုပါ ညီလာခံများသည် ၂၀၁၅ က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်လက်မှတ်ထိုးထားသော အစိုးရမဟုတ်သည် လက်နက်ကိုင်အဖွဲ့များ၊ ထပ်မတော်၊ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ ရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်များကို အတူတကွ စုစည်း တွေ့ဆုံစေကာ ဖက်ဒရယ်နိုင်ငံရေးစနစ်တစ်ခုပုံဖော်နိုင်မည် ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီ ချက်တစ်ခုရေးဆွဲနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ညီလာခံတစ်ခုကို ခြောက်လတစ်ကြိမ်ကျင်းပရန် ရည် ရွယ်သော်လည်း လွန်ခဲ့သောသုံးနှစ် အန်အယ်ဒီအစိုးရတာဝန်ယူချိန်မှစကာ သုံးကြိမ်သာ ကျင်းပနိုင်သေး သည်။ AA ကဲ့သို့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင် လက်မှတ်ထိုးမထားသော အဖွဲ့များသည် ဖိတ်ကြားခံရသည့်တိုင် လေ့လာသူအဖြစ်သာ တက်ရောက်နိုင်ပြီး ဆုံးဖြတ်ချက်ချမှတ် ရာထွင် ပါဝင်နိုင်ခွင့် မရှိပေ။

ဇန်နဝါရီလ ၄ ရက်မတိုင်မီက အရှိုန်အဟုန်သစ်တစ်ခု ထွက်ပေါ်လာခဲ့ရာ ထရှထ်က ၎င်း၏ Belt and Road Initiative (ခါးပတ်ထစ်ခု လမ်းထစ်ခု ကမကထပြုအစီအစဉ်) တွင် ကြေညာထားသည် စီး ပွားရေးရည်မှန်းချက်ကို

ပံ့ပိုးရန် ရည်ရွယ်လျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တွန်းအားပေးလာခြင်း၏ ရလဒ်တ အဓိတဖြစ်သည်။ ဒီဇင်ဘာလ ၁၂ ရက်နေ့က AA နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်ဖွဲ့တို့သည် တတိယအဖွဲ့ဖြစ်သော ကိုးတန့်တိုင်းရင်းသားတို့၏ မြန်မာအမျိုးသားဒီမိုတရက်တစ် မဟာမိတ်တပ်ဖွဲ့နှင့်အတူ ၎င်းတို့သည် စစ်ရေးလှုပ်ရှားမှုများကို ရပ်တန့်ပြီး ၎င်းတို့၏ နိုင်ငံရေးပဋိပက္ခကို တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် ဖြေရှင်းလိုကြောင်း ပြောကြားခဲ့သည်။ အစိုးရ၏ ငြိမ်းချမ်းရေးကော်မ ရှင်သည် အဆိုပါတမ်းလှမ်းချတ်ကို ချတ်ခြင်းလတ်ခံခဲ့ပြီး များမကြာမီတွင် တပ်မတော်တ တဖက်သတ် အပစ်အခတ်ရပ်စဲမှုကို ကြေညာခဲ့သည်။ စောင့်ကြည့်လေ့လာသူများတ အဆိုပါတိုးတက်မှုကို ရှေ့ခရီး အတွက် အရေးပါသော ခြေလှမ်းအဖြစ် စဉ်းစားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သုံးဖွဲ့သည် တပ်မတော်တ ၎င်းတို့အပေါ် လတ်နတ်ချ၍ လက်နက်ဖျက်သိမ်းရန် ထပ်တလဲလဲတောင်းဆိုနေမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစွန်အဖျားတွင်သာ ရိှနေရခြင်းကြောင့်ဖြစ်သည်။[35]

မြန်မာနိုင်ငံမှ တိုင်းရင်းသားလတ်နတ်ကိုင်အဖွဲ့များကြားတွင် အုပ်စုနှစ်ခုကွဲနေသည်ဟု ဆိုနိုင်သည်။ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုတ်ခိုတ်မှုရပ်စဲရေးစာချုပ်လတ်မှတ်ထိုးထားသော အဖွဲ့များနှင့် လတ် မှတ်ထိုးမထားသော အဖွဲ့များဟူ၍ဖြစ်သည်။ လက်မှတ်ထိုးမထားသော အဖွဲ့များအနက် ခုနှစ်ဖွဲ့ (AA အ ပါအဝင်) သည် ဖတ်ဒရယ် နိုင်ငံရေးစေ့စပ်ညိှနိှုင်းရေးနှင့် တိုင်ပင်အကြံဉာဏ်ယူရေးကော်မတီ (Federal Political Negotiation and Consultative Committee) အမည်ဖြင့် ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်း ထားရာ သွေးစည်းညီညွတ်သော ဝ ပြည်နယ်တပ်ဖွဲ့ (United Wa State Army) တ ဖွဲ့စည်းပေးထား ခြင်းဖြစ်သည်။ ထိုအဖွဲ့တွင် ပါဝင်သော

---

[35] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော နိုင်ငံရေးသုံးသပ်လေ့လာသူကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဇန်နဝါရီ။

လက်နက်ကိုင်အဖွဲ့များသည် အလွန်ညီညွတ်ကြောင်းပြသခဲ့ရာ ဇန်နဝါရီလ ၄ ရက် တိုက်ခိုက်မှုကြောင့် အစိုးရတ AA ကို ဖယ်ထုတ်ထားမည်ဆိုပါတ ငြိမ်းချမ်းရေးစေ့ စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်မည်မတုတ်တု ဆိုကြသည်။ အစိုးရ သည် AA တို ချေမှုန်းရန် ပြောဆို နေသော်လည်း ၎င်းအတွက် ရွေးချယ်စရာ အနည်းငယ်သာရှိရာ ရေရှည်တွင် AA နှင့် စေ့စပ်ညှိနှိုင်းမှုအ ကွက် လမ်းစကိုသာ ရှာရမည်ဖြစ်သည်။[36]

ရေတိုအနေဖြင့် AA သည် နောက်ထပ်တိုတ်ခိုက်မှုများပြုလုပ်မှုတို ရှောင်ရှားရန် စိက်အားထက်သန်မှု ရှိ၊ မရှိ ရှင်းလင်းမှုမရှိသေးပေ။ ထွန်းမြတ်နိုင်၏ ရဲရဲဝံ့ဝံ့တိုး၍ ပြောလာသော ကြေညာချက်များသည် ၎င်းအတွက် ထိုအတိုင်းသဘောတူညီချတ်ရရန် နိုင်ငံရေးအရ အခက်အခဲများတို ကြုံတွေ့စေမည်ဖြစ် သည်။ အတယ်၍ ပြောပြီးသားစကားများတို ပြန်လည်ရုတ်သိမ်းသွားပါကလည်း ဖိအားပေးသောကြောင့် ပြန်လည်ရုတ်သိမ်းသွားသည်တု ရှုမြင်ခံရကာ AA အပေါ် တိုး၍ ထောက်ခံလာမှုကို အားနည်းသွားစေ နိုင်သည်။ မကြာသေးမီက ရက်သတ္တပတ်များအတွင်း ထွန်းမြတ်နိုင်သည် ရခိုင်ပြည်နယ်အတွက် မျှော်မှန်းချက်ကို ထုတ်ဖော်ပြောဆိုခဲ့ရာ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နေရာပေးစဉ်းစားရန် အခက်အခဲတွေ့နိုင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုတ်ခိုက်မှုရပ်စဲရေးစာချုပ်သည် တိုင်းရင်းသားလူနည်းစုဒေသများသို့ နိုင်ငံရေးအရ အခွင့်အာဏာများ ပိုမိုဖြေလျော့ပေးမည် ဒီမိုကရက်တစ် ဖက်ဒရယ် ပြည် ထောင်စုကို ထူထောင်ရန် ရည်မှန်းသည်။ သို့သော် ထွန်းမြတ်နိုင်သည် ၎င်း၏ အခေါ်အရ ရခိုင်ပြည်နယ် အတွက် "ကွန်ဖက်ဒရိတ်" အဆင့်အတန်းကို တောင်းဆိုခဲ့ရာ ထိုအဆင့်အတန်းအရ

[36] အသေးစိတ်ဆွေးနွေးမှုများအတွက် Crisis Group Asia Report N°287, *Building Critical Mass for Peace in Myanmar*, 29 June 2017 ကိုကြည့်ပါ။

ကာကွယ်ရေး၊ ကုန် သွယ်ရေးဥပဒေများနှင့် နိုင်ငံခြားရေးမှလွဲ၍ လုံးဝကိုယ်ပိုင်အုပ်ချုပ်ဆုံးဖြတ်ခွင့်ရမည်ဖြစ်သည်။[37]

ဇန်နဝါရီလ ၄ ရက်နေ့က ထိုက်ခိုက်မှုသည် ကြန့်ကြာနေသည့် ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာဒုက္ခသည် ထောင်ပေါင်းများစွာ ပြန်လာရေးအစီအစဉ်များစတင်ရန် အစိုးရ၏ မျှော်လင့်ချက်များကို ပိုမိုရှုပ်ထွေး သွားစေသည်။[38]

ရခိုင်တိုင်းရင်းသားများကြားတွင် ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်၍ အားကောင်းသည့် အနုတ်လက္ခဏာ ဆောင်သော သဘောထားများရှိနေသော်လည်း AA သည် နှိုင်းယှဉ်ကြည့်ပါက အလယ်အလတ်သဘော ထားမျိုးကို ရပ်တည်ခဲ့ရာ ပြန်ဝင်လာသူများအနက်မှ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို အစိုးရသည် နိုင်ငံသားအခွင့်အရေးများ ချက်ခြင်းပေးအပ်သင့်ကြောင်း အကြံပြုခဲ့သည်။[39] နိုင်ငံသား အ ခွင့်အရေးဆိုရာဝယ် ဖော်ပြထားချက်အရ ပြန်ဝင်လာသော ရိုဟင်ဂျာများသည် နိုင်ငံသားအခွင့်အရေး ရရှိခဲ့ပါက နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာခွင့်ရမည်ဖြစ်ရာ ဥပမာအားဖြင့် အလုပ်အကိုင်ရှာဖွေရန် မြို့ကြီးများသို့ ရွှေ့ပြောင်းနေထိုင်နိုင်သည်။ ရိုဟင်ဂျာအများစုသည် ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံသား အသိအမှတ်ပြုစာရွက်စာတမ်းများအစား ယာယီအသိအမှတ်ပြုစာရွက်များသာ ရရှိထားကြရာ အခွင့်အ ရေးအနည်းငယ်နှင့် မြန်မာနိုင်ငံအတွင်း ခရီးသွားလာခွင့်ကို တင်းကြပ်စွာ ကန့်သတ်ထားသည်။ ရခိုင် တိုင်းရင်းသားအများစုက ထိုသို့ကန့်သတ်ထားခြင်းသည် ၎င်းတို့အပေါ် မမျှမတဝန်ထုပ်ဝန်ပိုးလည်း ဖြစ် စေကြောင်းစဉ်းစားကြသည်။

37 "Confederation the only option for Arakanese people, AA chief says", *The Irrawaddy*, 11 January 2019.

38 Crisis Group Asia Briefing N°153, *Bangladesh-Myanmar: The Danger of Forced Repatriation*, 12 November 2018. ကို ကြည့်ပါ။

39 "AA leader dismisses 'ridiculous' claim that his group has ties to ARSA", *The Irrawaddy*, 11 April 2018. ၁၉၈၂ နိုင်ငံသားဥပဒေအကြောင်းအသေးစိတ်ကို Crisis Group Report, *The Politics of Rakhine State*, op. cit., pp. 10-11. ကို ကြည့်ပါ။

အဘယ်ကြောင့်ဆိုသော် ရိုတင်ဂျာများတွင် ရွေးချယ်စရာမရှိပဲ ၎င်းတို့နှင့် သာ အလုပ်အကိုင်အတွက် ပြိုင်ဆိုင်နေရကာ ပြည်နယ်အတွင်းမှ အရင်းအမြစ်များကိုလည်း အပြိုင် ရယူနေကြသည်ဟု အမိပ္ပါယ်ကောက်ယူကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် AA ၏ ရပ်တည်ချက်မှာ လည်း ရခိုင်နိုင်ငံရေးသမားအများစု၏ တရားဝင်ရပ်တည်မှုကို ထင်ဟပ်ခြင်းပင်ဖြစ်သည်။[40] နောက် ကွယ်မှ အကြောင်းရင်းမှာ ရခိုင်များရော ရိုဟင်ဂျာများတပါ ဗမာထိန်းချုပ်ထားသော ပြည်နယ်မှ သား ကောင်များဖြစ်ကာ နှစ်ဖက်စလုံးသည် ဗဟိုအစိုးရ၏ ခွဲခြားအုပ်ချုပ်ရေးဗျူဟာအတွင်းကျရောက်စေရန် ဦးတည်ထားခြင်းဖြစ်သည် ဟုဆိုသည်။

ဇန်နဝါရီလ ၄ ရက် တိုက်ခိုက်မှုကြောင့် မတည်ငြိမ်မှုကို ဖြစ်လာစေပြီး ရှေ့လာမည်လများအတွင်း တိုက်ခိုက်လာနိုင်ခြေမှန်သမျှသည် ဒုက္ခသည်များပြန်လာရေးအတွက် လုပ်ဆောင်နေမှုမှ အနည်းငယ် မျှသော အခွင့်အလမ်းကို ပျောက်ကွယ်သွားစေလိမ့်မည်ဖြစ်သည်။ လုံခြုံရေးအရ တန့်သတ်မှုများ၊ အထူး သဖြင့် ကုလသမဂ္ဂအေဂျင်စီများနှင့် အန်ဂျီအိုများ၏ သွားရောက်ခွင့်ကို တန့်သတ်မှုများသည် ပြန်လာ ရေးအစီအစဉ်အရ ပြန်လာရန် စဉ်းစားနေသော ရိုဟင်ဂျာမှန်သမျှအတွက် အချက်ပေးခေါင်းလောင်းသံ ပင်ဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်နေကြသော ခန့်မှန်းခြေ ရိုဟင်ဂျာ ၂၀၀,၀၀၀ ခန့်အတွက် အခက်အခဲများ ရင်ဆိုင်လာရနိုင်သည်။ AA ၏ ရပ်တည်ချက်ကို အသာထား၊ ရခိုင်တိုင်းရင်းသားများအကြား ရှုတ်တရက်ထွက်ပေါ်လာသော တိုင်းရင်းသားနှင့်ဆိုင်သော အမျိုးသား ရေးခံယူချက်သည် ပြန်လာမည်သူများအကြား သတိထားရမည့်အချက်ကို ဖြစ်စေရာ ရခိုင်တိုင်းရင်းသား အများစုတ လုံခြုံရေးအရ စိုးရိမ်ရမှုများ၊ နိုင်ငံသားပြုမှုတွင်

[40] Crisis Group Report, *The Politics of Rakhine State*, op. cit., pp. 14-18. ကို ကြည့်ပါ။

ရှင်းလင်းမှုမရှိခြင်းများကြောင့် ဒုက္ခသည် များ ပြန်လာရေးကို ကန့်ကွက်ခဲ့ကြပြီးဖြစ်သည်။[41]

V. သုံးသပ်ချက်

ဇန်နဝါရီလ ၄ ရက်နေ့က AA ၏ ကိုတ်ခိုက်မှုသည် ဆွပေးသည် ခြေလှမ်းဖြစ်ကာ ၎င်းတို့၏ စစ်စွမ်း ရည်နှင့် ရခိုင်ပြည်သူများအကြား လူကြိုက်များထောက်ခံနေကြောင်းကို ရဲရဲဝံ့ဝံ့ပြသလိုက်ခြင်းလည်းဖြစ် သည်။ ၎င်းသည် ရခိုင်ပြည်နယ်ကို လက်နက်ကိုင်ပဋိပက္ခအတွင်းသို့ နက်နက်နဲနဲကျရောက်သွားစေနိုင် သော အားနှင့် လားရာမြင့်တက်လာနိုင်သည့်အတွက် အန္တရာယ်ကို လွန်စွာအလေးအနက်ထားအပ် သည်။ မြင့်တက်လာနိုင်မှုကို တားဆီးရန်မှာ AA အနေဖြင့် နောက်ထပ်ကိုက်ခိုက်မှုများကို ရှောင်ကြဉ်ရန် လိုအပ်သလို အစိုးရနှင့် တပ်မတော်တို့အနေဖြင့်ကလည်း နိုင်ငံရေးအရလည်းကောင်း၊ စစ်ရေးအရ လည်းကောင်း လက်ကုန့်ပြန်ရန် လက်ယပ်ခေါ်နေမှုကို တွန်းလှန်ရမည်ဖြစ်သည်။ ဤကိစ္စမြင့်တက်လာခြင်းအားဖြင့် AA တို့ ထောက်ခံကြရန် လောင်စာပင့်ပေးသလိုဖြစ်မည်ဖြစ်ကာ ရခိုင်နှင့် ဗမာအများစု ကြားတွင် လူမျိုးရေးအရ ကွဲပြားမှုများကို အားဖြည့်ပေးသလို ဖြစ်လိမ့်မည်။ တပ်မတော်သည် ၎င်း၏ သောင်းကျန်းသူကို ပြန်လည်တိုက်ခိုက်မှုတွင် ပုံမှန်ဖြစ်လေ့ရှိသည် အရပ်သားများကို အန္တရာယ်ဖြစ်စေခြင်းများအား ရှောင်ရှားလျှတ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကို ထိန်းချုပ်မှုများဖြင့် လုပ် ဆောင်သင့်ပြီး တပ်မတော်၏ တဖက်သတ်အပစ်ရပ်ကြေညာထားမှုအား ရခိုင်ပြည်နယ်အထိ အကြုံးဝင် အောင် တိုးချဲ့သင့်သည်။ အစိုးရအနေဖြင့်တလည်း အလွှက်သဘောလမ်းကြောင်းများမှလည်းကောင်း၊ အခြားငြိမ်းချမ်းရေးတွင်

[41] "Repatriation plan stalls as Rohingya refuse to return to Myanmar", Catholic News Service, 15 November 2018.

ပါဝင်နေသူများကို AA အား စေ့စပ်ညှိနှိုင်းရေးစားပွဲသို့ ခေါ်ဆောင်လာရန် နားဝင်အောင်ပြောဆိုပေးကြရေးအတွက် အားပေးခြင်းဖြင့်လည်းကောင်း AA ကို ချဉ်းကပ်သင့်သည်။ ထို့အပြင် တိုင်းရင်းသားတင်းမာမှုများကို နောက်ထပ်လှုံ့ဆော်ပေးနိုင်သည့် စကားများကို နှစ်ဖက်စလုံးက ရှောင်ရှားသင့်သည်။

တရုတ်နိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၎င်း၏ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အပေါ် ဩဇာလွှမ်းမိုးမှု ကြီးထွားလာခြင်းကို ၂၀၁၈ ခုနှစ်အတွင်း ရှင်းလင်းစွာ တွေ့လာရသည်။ ဒီ ဇင်ဘာလအတွင်းက AA ၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့နှင့် မြန်မာအမျိုးသားဒီမိုကရက် တစ်မဟာမိတ်တပ်ဖွဲ့များကြား တွေ့ဆုံမှုဖြစ်မြောက်အောင် အကူအညီပေးခဲ့ပြီး ထိုသို့တွေ့ဆုံရာတွင် အစိုးရနှင့် ကွေ့ဆုံဆွေးနွေးမှုကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။ AA ကို ဖိအားပေးရန်အတွက် ၎င်း၏ စွမ်းဆောင်နိုင်မှုမှာ အကန့်အသတ်ရှိနေသည်။ အကြောင်းမှာ ရခိုင်နှင့် တရုတ်ကြားတွင် ယဉ်ကျေးမှုအရ ဆက်နွယ်မှုမရှိခြင်းနှင့် ရခိုင်ပြည်နယ်သည် တရုတ်နယ်စပ်မှ ဝေးနေခြင်းများကြောင့်ဖြစ် သည်။ သို့သော်လည်း ၎င်းသည် ကချင်နှင့် ဝ လက်နက်ကိုင်အဖွဲ့များအပါအဝင် AA ၏ အဓိကမဟာ မိတ်များမှကဆင့် ၎င်း၏ဩဇာကို အသုံးပြုနိုင်ပါသေးသည်။

အရေးအကြီးဆုံးမှာ အစိုးရသည် ပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အနာဂတ် အ လားအလာများနှင့်ပတ်သက်ပြီး ပြည်နယ်၏ နိုင်ငံရေးနှင့်ဆိုင်သော ပုဂ္ဂိုလ်များအပါအဝင် ရခိုင်ပြည်သူ များနှင့် စစ်မှန်ပြီး အားလုံးပါဝင်သည့် ကွေ့ဆုံဆွေးနွေးမှုကို စတင်ရန်လိုအပ်သည်။ တိတိကျကျဆိုရပါက ထိုကွေ့ဆုံဆွေးနွေးမှုကွင် ဒုက္ခသည်များပြန်လာရေးလုပ်ငန်းစဉ်၊ ရိုဟင်ဂျာအသိုင်းအဝိုင်းကို ပြန်လည်ကည်ဆောက်ပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗဟိုနှင့်

ပြည်နယ်အစိုးရများကြား အခွင့်အာဏာ ခွဲဝေရေးများ ခြုံငုံပါဝင်သင့်သည်။[42] စိတ်စေတနာကောင်းရှိကြောင်းပြသသည့်အနေဖြင့် ထိုသို့သော တွေ့ဆုံဆွေးနွေးမှုကို စတင်ရန်အတွက် အစိုးရသည် ဒေါက်တာအေးမောင်နှင့် အခြားရခိုင်နိုင်ငံရေးအ ကျဉ်းသားများကို လွှတ်ပေးရန် စဉ်းစားသင့်သည်။ နိုင်ငံရေးအရ အားလုံးပါဝင်နိုင်မှသာ မြန်မာနိုင်ငံ သည် တိုင်းရင်းသား ရခိုင်သူပုန်ထမှု နောက်ထပ်အားကောင်းလာမှုကို တားဆီးနိုင်လိမ့်မည်ဖြစ်သည်။

ဘရပ်ဆဲလ်စ်၊ ၂၀၁၉ ဇန်နဝါရီလ ၂၄ ရက်

[42] ပြည့်နယ်အဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ရခိုင်အသိုင်းအဝိုင်းပါဝင်မှု၏ အရေးကြီးပုံကို ကွယ်လွန်သွားပြီဖြစ်သော ဒေါက်တာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရခိုင်အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတွင် အလေးအနက်ထား ဖော်ပြခဲ့သည်။

Appendix A: Map of Myanma

International Crisis Group/KO/Dec 2015. Based on UN map no. 4168 Rev. 3 (June 2012).

International Crisis Group
Headquarters
Avenue Louise 149, 1050 Brussels, Belgium
Tel: +32 2 502 90 38. Fax: +32 2 502 50 38
brussels@crisisgroup.org

New York Office
newyork@crisisgroup.org

Washington Office
washington@crisisgroup.org

London Office
london@crisisgroup.org

Regional Offices and Field Representation
Crisis Group also operates out of over 25 locations in Africa, Asia, Europe, the Middle East and Latin America.

See www.crisisgroup.org for details

PREVENTING WAR. SHAPING PEACE.